ကံကုန်းကျေးရွာ

ဝင်းကြီးကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကံကုန်းကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
ကံကုန်း ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ်	၇
ကံကုန်း ကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုမြို့နယ်	၈
အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်	
(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု	၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်	၉
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု	၁၀
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ	
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား	၁၁
(ခ) သဘာဝအရင်းအမြစ်များ	၁၁
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ	
(က) လူဦးရေဆိုင်ရာ အချက်အလက်များ	၁၁
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၂
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၂
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ	၁၃
(င) ကျန်းမာရေးနှင့် အာဟာရ	၁၄
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု	၁၅
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ	
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်	၁၅
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ	၁၅
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ	၁၇
(ဃ) ရွှေ့ပြောင်းလုပ်သားများ	၁၇
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက်	၁၈
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း	၁၉
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု	၁၉
(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၉
(ဈ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး	၂၀
(ည) လူငယ်နှင့် ယဉ်ကျေးမှု	၂၂

(၎) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၂၃
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၂၃
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၄
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၄
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၅
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၆
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၇
(ဂ) ဦးစားပေး စီမံချက်များ ၂၈
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၃၁
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၂
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၃
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၃၃
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၃၄
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၃၄
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၃၅
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၅
(က) ကြီးကြပ်စစ်ဆေးခြင်း ၃၅
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၃၆
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၆

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၈၃
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၈၈
ရည်ညွှန်းချက်များ ၈၉
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၃ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၉၀
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို

အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။



၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကံကုန်းကျေးရွာ
ဝင်းကြီးကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်

ကံကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း- ကံကုန်းကျေးရွာအရင်းမြစ်ပြမြေပုံ - ကံကုန်းကျေးရွာ၊ ဝင်းကြီးကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)



ကျေးရွာ ကံတွန်းကျေးရွာ ရာသီခွင်ပြ ပြကွဒိန်

လ/ အလုပ်အကိုင်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
အလုပ်အကိုင် ☺😐☹	😐 😐	😐 😐 😐	😐 😐	😐 😐	☹	☹ ☹	☹ ☹ ☹	😐 😐	☺ ☺ ☺	☺ ☺ ☺ ☺	☺ ☺ ☺	☺ ☺ ☺
	▱	▱▱	▱	▱▱				▱▱	▱▱▱	▱▱▱▱ ▱▱▱	▱▱▱	▱▱▱
	အကွက်ပူ	အသင့်အသုပူ	အိုးအနည်းငယ်	အိုးမွှား	အိုးမွှား	အိုးမွှား	အိုးနည်း	အေးသည်	အသင့်အနေး	အကွက်ခြင်း	အအေးနည်း	အကွက်ပူ
	စပြင်သိမ်း	ပဲသိမ်း	မျိုးစတင်ကျဲ	ကောက်စိုက်	ကောက်စိုက်သည်	နှမ်းကျဲသည်		စပါး သို့မဟုတ် မြင်းပေါ်သို့ ဟန်းသိမ်းသည်	စပါးသိမ်း ဂျုံးသိမ်း	—	—	—
	ဖူးလုံ	ဖူးလုံ	ဖူးလုံ	ဖူးလုံ	ဖူးလုံ	အသစ်ဖူးလုံ	စဖူးလုံ	စဖူးလုံ	ဖူးလုံ	ဖူးလုံ	ဖူးလုံ	ဖူးလုံ
	ရေခန်း	ရေကျ	ရေကျ	ရေပေါသည်	ရေပေါသည်	ရေပေါသည်	ရေပေါသည်	ရေပေါ	ရေပေါ	ရေ အသစ် အသစ်	ရေ နုံသည်	ရေခန်း
	ဝေးဟက်ကာ	—	—	ငှက်များများသဝေ	ဝဲပျံကွေးများ	—	—	—	ဆွာဝေး ချောင်းဆိုး	—	—	—
သီးနှံပိုးမွှားရောဂါ ကျရောက်မှု	သီးနှံ့ မျိုးစုံပိုး များ	—	—	—	—	ကြိုးရောဂါ	—	—	—	ကြိုးရောဂါ	—	—
								ကလိန်				
သဘာဝ ဘေးအန္တရာယ်	မိုးဖေး	မိုးလေး	လေဖေး	ရေဖေး	ရေဖေး	ရေဖေး						မိုးလေး

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင် ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မိဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွနုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွနုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွနုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွနုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ ကံကုန်းကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၏ တောင်ဘက်တွင်တည်ရှိပါသည်။ ဝန်းသိုမြို့မှ(၆)မိုင်ကွာဝေးပြီး ကျေးရွာ၏အရှေ့ဘက် တွင် မင်းကုန်းကျေးရွာ၊ တောင်ဘက်တွင် ကောလင်းမြို့နယ်မှ စိန်တောကျေးရွာ၊ မြောက်ဘက်နှင့် အနောက်ဘက် တွင် သင်တောကျေးရွာနှင့် ဝင်းကြီးကျေးရွာရှိပါသည်။ ကျွန်တော်တို့ ကံကုန်းရွာကလေးသည် ကောလင်း-ဝန်းသို-ပင်လည်ဘူး လမ်းမကြီးဘေးတွင် တည်ရှိပါသည်။ကျွန်တော်တို့ရွာ ကောလင်းမြို့သို့သွားလျှင် (၄)မိုင်ခန့်ဝေးကွာပြီး၊ ဝန်းသိုမြို့သို့ သွားလျှင် (၆)မိုင်ခန့်ဝေးကွာပါသည်။ ကျွန်တော်တို့ရွာသည် လမ်းမကြီးဘေးတွင် တည်ရှိသောကြောင့် လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်သည်ဟု ဆိုရပါမည်။ ကျွန်တော်တို့ရွာ ကလေးသည် တောမကျ၊မြို့မကျ ရွာလေးဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်များ ။ ။ကျွန်တော်တို့ရွာအနီးတွင် သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ အတင့်အသင့်ရှိပါသည်။အသုံးချနိုင်မှုမှာ ခက်ခဲပါသည်။တရားဝင်ခွင့်ပြုချက်မရသောကြောင့်ဖြစ်ပါသည်။ကျောက်သဲ၊ကျောက်စရစ်များအများအပြားရှိပါသည်။အသုံးချနိုင်မှုမှာ လွယ်ကူပါသည်။ သဘာဝအပင်မျိုးစိတ်များ ဆေးဘက်ဝင်အပင်များမှာ အတင့်အသင့်ရှိပါသည်။ အလွယ်တကူသုံးစွဲရယူနိုင်ပါသည်။ သဘာဝ တောတွင်းတိရိစ္ဆာန် မျိုးစိတ်များ များစွာတွေ့ရှိရပါသည်။ ကွဲ၊နွားတိရိစ္ဆာန် စားကျက်များလည်း ပေါများပါသည်။ ကျောက်၊ သဲ၊ ကျောက်စရစ်များ ၊ ချောင်း၊မြောင်းများ သဘာဝတောင်တန်းများ၊ စိမ့်ကြီး မြိုင်ကြီး များများရှိပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျွန်တော်တို့ရွာတွင် ဗမာလူမျိုးများနေထိုင်ပါသည်။ ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ကြပါသည်။ကျွန်တော်တို့ရွာတွင် အိမ်ထောင်စုပေါင်း(၁၁၀)ရှိပါသည်။ အမျိုးသားဦးရေ (၂၇၅)ယောက်နှင့်အမျိုးသမီးဦးရေ (၂၉၆)ယောက်ရှိပါသည်။ အလုပ်လုပ်နိုင်သောဦးရေမှာ အမျိုးသား(၃၉၂)ယောက်နှင့် အမျိုးသမီး (၂၀၂)ဦးသာရှိပါသည်။ (၁)နှစ်အောက် ကလေးဦးရေမှာ ကျား(၂)ယောက် မ(၈)ယောက်ရှိပါသည်။ (၅)နှစ်အောက် ကလေးဦးရေမှာ ကျား(၁၇)ယောက်၊မ(၁၇)ယောက်ရှိပါသည်။ မူလတန်းကျောင်းသားဦးရေမှာ (၂၀)ယောက်၊မ(၂၄)ယောက်ရှိပါသည်။ အလယ်တန်းကျောင်းသားဦးရေမှာ ကျား(၃၂)၊မ(၂၅)ယောက်ရှိပါသည်။ သက်ကြီးရွယ်အိုဦးရေမှာ ကျား(၁၄)ဦး၊မ(၂၀)ယောက်ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။ ။ကျွန်တော်တို့ကံကုန်း ကျေးရွာ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပါသည်။ ကျွန်တော်တို့ရွာ၏ လယ်ယာ စိုက်ပျိုးရေးသည် မိုးရွာမှမိုးရေကို စိုက်ပျိုးရေအဖြစ် အသုံးပြုကြပြီး တစ်သီးစားလယ်ယာများဖြစ်ကြပါသည်။ မိုးရာသီမှလွဲ၍ နွေနှင့် ဆောင်းရာသီများ တွင် အခြားသီးနှံများ စိုက်ပျိုး၍ အဆင်မပြေပါ။ ကိုယ်ပိုင်လယ်ယာလုပ်ကိုင်သူများဖြစ်ကြသည်။ မွေးမြူရေးလုပ်ငန်းများသည် တစ်နိုင်တစ်ပိုင်အဖြစ် မွေးလေ့ရှိပါသည်။ ဥပမာ-ကျွဲ၊နွား၊ ဝက်၊ ကြက်၊ ဘဲ တို့ဖြစ်ပါသည်။ ကျွန်တော်တို့ရွာတွင် ကျောက်ထုတ်လုပ်ရေးနှင့် တူးဖော်ရေးလုပ်ငန်းများကို လည်းတစ်နိုင်တစ်ပိုင်လုပ်ကိုင်၍ မိသားစုစာဝတ်နေရေးကို ဖြေရှင်းနေရသောအိမ်ထောင်စုများလည်း ရှိပါသည်။လယ်လုပ်ကိုင်ပြီးလျှင် အခြားဒေသသို့သွားရောက်ပြီး နေ့စား၊ လခစား၊ အလုပ်သမားအဖြစ် လုပ်ကိုင်လေ့ ရှိကြသည်။

ကျွန်တော်တို့ရွာ၏ လယ်ယာမြေပိုင်ဆိုင်မှုမှာ(၃၇၇.၇)ဧကရှိပါသည်။ စိုက်ပျိုးမြေ အမျိုးအစားမှာ သင့်တင့်မျှတရုံမျှပင်ဖြစ်သည်။ စိုက်ပျိုးရေးကို မိုးရာသီတွင်သာလုပ်ကိုင်နိုင်ပါသည်။ထို့ကြောင့် နွေနှင့် ဆောင်းရာသီများတွင် မစိုက်ပျိုးနိုင်ပါ။ အဆင်ပြေသော အိမ်ထောင်စု (၄၁)အိမ်၊ အလယ်လတ် အိမ်ထောင်စု (၅၈)အိမ် နှင့် ဆင်းရဲ နှင့် အလွန်ဆင်းရဲအိမ်ထောင်စု (၁၁)အိမ်ရှိပါသည်။ကျွန်တော်တို့ကျေးရွာ၏ အိမ်များကို သွပ်မိုး၊ပျဉ်ထောင်၊သက္ကယ်၊ထရံများဖြင့်ဆောက်လုပ်ထားပါသည်။ အဆင်းရဲဆုံးမိသားစုများသည် မြေယာပိုင်ဆိုင်မှုမရှိခြင်း နှင့် ကျပန်းလုပ်ငန်းများကို လုပ်ကိုင်ကြရပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ ကျွန်တော်တို့ကျေးရွာတွင် (၃)လအောက်ဝမ်းစာဖူလုံမှုမရှိသော အိမ်ထောင်စု(၂)အိမ်ရှိပါသည်။ ဝမ်းစာ မဖူလုံသည့်အချိန်တွင် အခြားအစားအစာများဖြစ်သော ပြောင်း၊ကန်စွန်းဥနှင့် ငှက်ပျော တို့ကိုသာပြောင်းလဲစားသုံးကြရပါသည်။ တစ်ချို့နေ့များတွင် အစာလျော့စားရသောနေ့များလည်းရှိပါသည်။ အိမ်နီးချင်းရွာသူရွာသား များမှ လာရောက်ပေးသောနေ့များလည်းရှိပါသည်။ စားဝတ်နေရေးအတွက် ငွေကြေးလိုအပ်သောအခါ ငွေတိုးချေးယူသုံးစွဲရပါသည်။ လုပ်အားခများကြိုတင်ထုတ်ယူ၍ စားသုံးနေရသောနေ့များလည်းရှိပါသည်။ (၃)လနှင့် (၆)လကြား ဝမ်းစာဖူလုံမှုမရှိသော အိမ်ထောင်စုအရေအတွက်မှာ (၂)အိမ်ထောင်စုရှိပါသည်။ အမျိုးသမီးခေါင်းဆောင်အုပ်ချုပ်နေသော မုဆိုးမအိမ်ထောင်စုများဖြစ်ကြသည်။ သား/သမီးများမှာ ကျောင်းနေအရွယ်များဖြစ်ကြ၍ ကျောင်းစရိတ်အပြင် မိသားစု၏ စားဝတ်နေရေးကိုပါ ကြိုးစားရှာဖွေနေရသော အိမ်ထောင်များ ဖြစ်သည်။အလုပ်အကိုင်မရှိသော နေ့များတွင် တစ်မိသားစုလုံးခိုက်တဲ့စွာ စားသောက်နေရပါသည်။ ထိုကဲ့သို့သောနေ့များတွင်မိခင်မုဆိုးမကြီး၏ တစ်နေ့တာလုပ်အားခထက် တစ်လစာကြိုထုတ်ယူပြီး စားသုံးနေရပါသည်။ ပိုက်ဆံချမ်းသာသော အိမ်ထောင်စုများထံမှ အတိုးနှုန်းဖြင့်ငွေချေးယူပြီး တစ်မိသားစုလုံး ဝမ်းစာဖူလုံရန်အတွက် မိခင်မုဆိုး မကြီးမှ ကြိုးပမ်းနေရပါသည်။ (၆)လမှ (၁၂)လအထိ ဝမ်းစာမဖူလုံသောအိမ်ထောင်စု တစ်စုသာရှိပါသည်။ သားသမီများမှာ အလုပ်လုပ်နိုင်သောအရွယ်များဖြစ်ပါသည်။ ထိုအိမ်ထောင်စု

မှာလည်း အမျိုးသမီးဦးဆောင်အိမ်ထောင်စုဖြစ်ပါသည်။ သားသမီးများမှာ နေ့စားအလုပ်များကိုင်ပြီး မိခင်ကြီးမှာ အိမ်မှုကိစ္စများလုပ်ကိုင်လျက်ရှိပါသည်။ ရာသီဥတုဖောက်ပြန်၍ အလုပ်အကိုင်အခွင့် အလမ်းများပြတ်တောက်သောအချိန်တွင် ဝမ်းစာဖူလုံမှုမရှိတော့သဖြင့် မိတ်ဆွေများထံမှ ငွေတိုးချေးယူ၍ အလုပ်အကိုင်အခွင့်အလမ်းပေါ်လာချိန်တွင် ပြန်လည်ပေးဆပ်ရပါသည်။

ကျွန်တော်တို့မြို့ငယျာရွာတွင် လယ်ဧက၃၄.၅ဧက ရှိပါသည်။ တစ်နှစ်တွင် စပါးနှင့် နှမ်းတစ်ရာသီဘဲ စိုက်ပျိုး၍ ရပါသည်။ စပါးကို ၁ဧကတွင် ပျမ်းမျှ ၁၆ တင်းမှ တင်း ၃၀ အများဆုံး ထွက်ရှိပါသည်။တင်း၄၀ထွက်ရှိသောသူမှာစပါးအထွက်အကောင်းဆုံးသူဖြစ်ပြီး ထွက်ရှိသူအလွန်ပင် နည်းပါးသည်။ နှမ်း ၁ဧက ၅တင်းမှ ၁၀တင်းသာထွက်ရှိပြီး မိုးများသောနှစ်များတွင် ၁ဧက ၃ တင်း လောက်သာ ရရှိပြီး ဝမ်းစာ ဖူလုံမှုမရှိပါ။ စပါးကုန်သွားလျှင် စပါးကြိုပေးကို ငွေရှိသော သူများထံ ထားကြရပြီး ဝမ်းရေးကို လှည့်ပတ်ချေးငှားနေကြရသည်။

ကျွန်တော်တို့ရွာတွင် အဖိုးတန်သစ်တောများ ပြုန်းတီးလာခြင်းကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မြေပြိုခြင်း၊ မြေဆီလွှာပျက်ဆီးခြင်းနှင့် မုန်တိုင်းဒဏ်များ အနည်းငယ်ခံစားရပါသည်။ သစ်တောပေါများ၍ လမ်းပန်းဆက်သွယ်ရေး ဝေးလံခေါင်သီသော ဒေသဖြစ်ပြီး ငှက်ဖျားရောဂါကို အတော်အတင့် ခံစားရပါသည်။

ကျွန်တော်တို့ရွာတွင်မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကြောင့်စားနပ်ရိက္ခာမဖူလုံ ခြင်း ၊ ကူးစက်ရောဂါရရှိသူများပြားလာပြီး ဦးဆောင်နိုင်သော အမျိုးသားများ နည်းပါးလာခြင်းကြောင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းရသူများ ပေါများလာသည်။

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျွန်တော်တို့ကံကုန်းကျေးရွာ၏ပညာရေးမှာ အလွန်မှေးမှိန်လွန်းလှပါသည်။ ရွာသူ/ရွာသားများသည် မူလတန်းကျောင်းထွက်ဦးရေ ပိုများလှပါသည်။ ကျွန်တော်တို့ရွာတွင် စာသင်ကျောင်းမရှိပါ။ (၃)ဖာလုံခန့်ဝေးသော သင်တောကျေးရွာသို့ သွားရောက်ပညာသင်ကြား ရပါသည်။ ကလေးများမှာ မိဘများကအဆင်မပြေသောကြောင့် စက်ဘီးများပင်မစီးနိုင်ပဲ (၃)ဖာလုံခန့်ဝေးသော ခရီးကိုခြေလျင်သွားရပါသည်။ မိဘများမှာလည်း ဝမ်းရေးအတွက်ရုန်းကန် နေရသောကြောင့် သား/သမီးများကို ကျောင်းသို့လိုက်မပို့နိုင်ပါ။ မိုးတွင်းကာလများတွင် ကျောင်းသူ/ကျောင်းသားများမှာ သနားစရာကောင်းလှပါသည်။ ဘွဲ့ရပညာတတ် အလွန်နည်းပါးလှပါသည်။ ကျောင်းသားမိဘများမှာ နေ့စား၊ ကျပန်းအလုပ်လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းသူများဖြစ်ရာ သားသမီး၏ပညာရေးကို လှည့်မကြည့်နိုင်သောကြောင့် ကျောင်းသား/သူများမှာ ရွာကျောင်းအတန်းပြီးလျှင် ကျောင်းထွက်ကြရပြီး မိဘများ၏အလုပ်ကို ဝိုင်းဝန်းလုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုရပါသည်။ ကျောင်းသားကျောင်းသူများမှာ ကျောင်းဆက်နေချင်သော်လည်း အဆင်မပြေသည့် မိဘများကို ငဲ့ညာပြီး အထက်တန်းကျောင်း

ပညာများကို ဆက်မတက်နိုင်တော့ပါ။ အထက်တန်း၊ အလယ်တန်း ကျောင်းနေသူ အလွန်နည်းပါး လှပါသည်။ ကျွန်တော်တို့ရွာနှင့် အထက်တန်းကျောင်းမှာ အလွန်ဝေး လှပါသည်။ ငွေကြေးတတ်နိုင် သည့်မိဘများသာ သူတို့၏သားသမီးများကို ကျောင်းထားနိုင် ကြသောကြောင့် ငွေကြေးကုန်ကျများ သော ပညာရေးဖြစ်နေပါသည်။ ကျွန်တော်တို့ရွာနှင့် ၄ မိုင်ခန့်ဝေးသောကောလင်းမြို့နယ်၌ အထက်တန်းကျောင်းပညာကို သွားရောက်စာသင်ရပါသည်။ ထို့ကြောင့် ကျွန်တော်တို့ရွာတွင် ဘွဲ့ရပညာတတ်အလွန်နည်းပါးပါသည်။

ကျွန်တော်တို့ ကံကုန်းကျေးရွာ မူလတန်းကျောင်းတက်ရောက်နေသူ ကျား(၃၁)ဦး၊ မ(၂၆)ဦး အလယ်တန်း ကျား(၁၈)ဦး၊ (၁၇)ဦး၊ အထက်တန်းတွင် ကျား(၂)ဦး၊ မ(၅)ဦးနှင့် တက္ကသိုလ်ကောလိပ် တက်ရောက်သူ ကျား(၂)၊ မ(၄)ဦးသာ ရှိပါသည်။ ကျောင်းများတွင် ပညာသင်ကြားနေသော အချိုးနှုန်းမှာ အလွန်နည်းပါးပါသည်။ ပညာရေးကိုဦးစားမပေးနိုင်ခြင်းသည် မိဘများ၏ဥစ္စာဓနမပြည့်စုံမှု၊ ကျွန်တော်တို့ရွာတွင် စာသင်ကျောင်းမရှိမှုဝေးလံ ခေါင်သီမှုနှင့် သွားလာရေး အဆင်မပြေမှု၊ ငယ်စဉ်ကတည်းက ပညာသင်ယူလိုစိတ် နည်းပါးမှုနှင့် ကျောင်းနေမပျော်ခြင်းတို့ကြောင့် ဖြစ်သည်။

(c) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျွန်တော်တို့ကံကုန်းကျေးရွာတွင် မိုးဦးရာသီအစ၌ ဝမ်းလျှော ရောဂါနှင့် ငှက်ဖျားရောဂါအနည်းငယ် ခံစားရသည်။ ကျန်းမာရေးဌာနမှ ဟောပြောပွဲများ သင်တန်းပေးခြင်း၊ဆေးစိမ်ခြင်ထောင်များဝေငှပေးခြင်းနှင့် တစ်အိမ်တက်ဆင်း စစ်ဆေးပေး များပြုလုပ်ပါသည်။ဆီးချိုရောဂါဖြစ်ပွားမှုမှာနိမ့်ပါသည်။ သွေးတိုးရောဂါဖြစ်ပွားမှုမှာလည်း နိမ့်ပါသည်။ ရွာသူ/ရွာသားများသည် ကျန်းမာရေးဟောပြောပွဲသို့ အချိန်ပေးတက်ရောက် ထားသောကြောင့် ဗဟုတုတများရရှိပါသည်။ ဥတုကူးပြောင်းချိန်တွင် အသက်ရှူ လမ်းကြောင်း ရောဂါများလည်းဖြစ်ကြပါသည်။ ဥပမာ။ ဓါတ်မတည့်၊ ချောင်းဆိုး၊ နှာစေးနှင့် အခြားရောဂါများ ဖြစ်ပါသည်။

ကျွန်တော်တို့ကံကုန်းကျေးရွာတွင် ကာကွယ်ဆေးထိုးခြင်း၊အဆုတ်ရောဂါ ကာကွယ် ဆေးထိုးခြင်း၊ ဆုံဆို့ကြက်ညှာ၊မေးခိုင်နှင့် အသည်းရောင်အသဝါရောဂါကာကွယ်ဆေး ထိုးခြင်း၊ ပိုလီရိုရောဂါကာကွယ်ဆေးထိုးခြင်း၊ကိုယ်ဝန်ဆောင်များကာကွယ်ဆေးထိုးခြင်း၊ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ကျန်းမာရေးဌာနမှ ဆောင်ရွက်ပေးပါသည်။ အာဟာရ မှတ်တမ်းယူမှု (အရပ်မြင့်၊အလေးချိန်၊ လက်မောင်းပတ်)များ၊အာဟာရပညာပေးအစီအစဉ် များလပတ်စဉ်တိုင်း ကာကွယ်ဆေးထိုးနှံမှုများရှိပါသည်။

ကျွန်တော်တို့ရွာကလေးတွင် ကျေးလက်ဆေးပေးခန်းမရှိသောကြောင့် (၁)မိုင်ခန့် ဝေးသောသင်တောကျေးရွာသို့ သွားရောက်ပြသရပါသည်။ ကျေးလက်ဆေးပေးခန်းမှ ဆရာ/ဆရာမ များမရှိသောအချိန်နှင့် အခြေအနေဆိုးလျှင် ရွာနှင့် (၅)မိုင်ခန့် ကောလင်းမြို့နယ် ဆေးရုံကြီးသို့ သွားရောက်ကုသရပါသည်။ကျွန်တော်တို့ရွာကလေးတွင်းကျေးလက်ဆေးပေးခန်းရှိပါက အင်မတန်မှ အဆင်ပြေပါမည်။ ဆေးပေးခန်းရှိလျှင် အချိန်ကုန်၊ငွေကုန်သက်သာစေပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ကျွန်တော်တို့ကံကုန်းကျေးရွာတွင် အမျိုးသမီး အခွင့် အရေးနည်းပါးပါသည်။ရွာမှအမျိုးသမီးများသည် ပြင်ပအတွေ့ကြုံနည်းပါးပါသည်။နေ့စဉ် အိမ်အလုပ် တွင်သာ အချိန်ကုန်ကြပြီး အမြင်မရှိခြင်း၊ ဒေသ၊ မြို့ရွာများ တနေရာနှင့် တနေရာ ဝေးကွာပြီးလမ်းသွားလမ်းလာစိတ်မချရမှုတို့ကြောင့်ဖြစ်ပါသည်။အမျိုးသမီးများသည် မိမိတို့ စားဝတ်နေရေးကိုသာ အားစိုက်နေရသဖြင့် လူမှုအဖွဲ့ စည်းနှင့်ကျေးရွာ၏ စီမံအုပ်ချုပ်မှုများတွင် ပါဝင်ဦးဆောင်နိုင်မှုမရှိပါ။ ကျေးရွာ၏ သာရေးနာရေး များ တွင် အမျိုးသမီးများက ချက်ပြုတ် တာဝန်ယူပြီး အမျိုးသမီးငယ်များက ကျွေးမွေးမှုတာဝန်ကို လုပ်ကိုင်ကြရပါသည်။

ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများသည် တက်ကြွ စွာပါဝင်ဆောင်ရွက်ကြပါသည်။ ချက်ပြုတ်ရေးတွင်လည်းကောင်း၊ ခမ္မစက်ကြာဝတ်ရွတ် ရာတွင်လည်းကောင်း ၊သာရေးနာရေးတွင်လည်း အမျိုးသမီးများသည် တက်ကြွစွာပါဝင်ဆောင် ရွက်ကြပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများတွင် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာ အတွက် အသိအမြင်မရှိသေးပါ။

အခြားအဖွဲ့အစည်းများကိုတာဝန်ယူလုပ်ကိုင်ချင်သော်လည်းစားဝတ်နေရေး မ ပြေလည်မှု နှင့် အိမ်မှုကိစ္စများသည် အမျိုးသမီးများတာဝန်ဖြစ်သဖြင့် တက်ကြွစွာပါဝင်နိုင်မှု၊ ဆွေးနွေးဦးဆောင်နိုင်မှု အခွင့်အရေးများဆုံးရှုံးနေရပါသည်။ ကျွန်တော်တို့ရွာတွင်အကြမ်းဖက်မှုများ မရှိပါ။ လူငယ်သဘာဝ ချစ်ကြိုက်မှုကြောင့် ဖြစ်တတ်သည့် ပြဿနာ အနည်းငယ် ရှိပါသည်။ အာရုံစိုက်နေရပါသည်။ လူလွတ်အမျိုးသမီးများမှာလည်း စားဝတ်နေရေးနှင့် မိသားစုတာဝန်များကို ထမ်းဆောင်ရင်း အချိန်တန်လျှင် သူတို့၏ဘဝကို ကျပန်းလုပ်ကိုင် စားသောက်မှု၊ အိမ်မှုကိစ္စအဝဝကိုသာ အာရုံစိုက်နေရပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။ကျွန်တော်တို့ရွာ၌ စနေ၊တနင်္ဂနွေနေ့များတွင် ခမ္မစကူးလ် ကလေးသူငယ် ယဉ်ကျေးမှုသင်တန်းကို သင်တောကျေးရွာဘုန်းကြီးကျောင်းသို့ သွားရောက် သင်ကြားနေပါသည်။ သာရေး၊ နာရေး၊ လူမှုရေးကိစ္စအဝဝများတွင် လူငယ်အမျိုးသား၊ အမျိုးသမီး များက ဦးဆောင်၍ တာဝန်ထမ်းဆောင်ပေးကြသည်။ ဘာသာရေးကိစ္စများတွင် ဂေါပကအဖွဲ့နှင့်ရပ်မိရပ်ဖများက ဦးဆောင်၍ တက်ညီ လက်ညီနှင့် တစ်ရွာလုံး ဆောင်ရွက်ကြသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ ကျွန်တော်တို့ကံကုန်းကျေးရွာတွင် သီးနှံအထွက် နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများတွင်သဘာဝရေမြေရာသီဥတုမှာ အနေအထားအသင့်အသင့် ရှိပါသည်။ လယ်ယာမြေအသုံးချနိုင်မှုမှာ သင့်တင့်မျှတပါသည်။ စိုက်ပျိုးရေးအရင်းအမြစ်မှာ အသင့် အတင့် ရှိပါသည်။ အစိုးရဘဏ်များနှင့် ကျေးရွာအတွင်း ရန်ပုံငွေ အဖွဲ့အစည်းများရှိသောကြောင့်

ဖြစ်ပါသည်။သီးနှံမျိုးစေ့ရရှိနိုင်မှုမှာအလွယ်တကူဝယ်ယူနိုင်ပါသည်။ စိုက်ပျိုးရေးဌာနများတွင်လည်း သွားရောက်ဝယ်ယူနိုင်ပါသည်။ သဘာဝမြေဆွေး၊ နွားချေး၊ဝက်ချေးများကို မိမိတို့ကျေးရွာတွင် အလွယ်တကူရရှိနိုင်ပါသည်။ ဓါတု ပိုးသတ်ဆေး၊ ဓါတ်မြေဩဇာများကို ကောလင်းမြို့တွင် သွားရောက်ဝယ်ယူရနိုင်ပါသည်။

ကျွန်တော်တို့ ရွာကလေးတွင် သီးနှံထုတ်လုပ်မှုအတွက် အခက်အခဲမှာလယ်ယာမြေများကို တိုးချဲ့နိုင်မှုမရှိပေ။ဖျက်ပိုးနှင့် ရောဂါကျရောက်မှုများ အနည်းငယ်ရှိပါသည်။မွေးမြူရေးတွင်လည်း စီးပွားဖြစ်မွေးမြူသူမရှိသလောက်နည်းပါးသော်လည်း တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ နွားပိုင်ဆိုင်သည့်အိမ်ထောင်စု (၃၈)အိမ်၊ ကောင်ရေ(၁၅၉)ကောင်ရှိပါသည်။ နွား၊ဝက်၊ကြက်၊ကျွဲများမွေးမြူကြပါသည်။ ကျွဲပိုင်သောအိမ်ထောင်စု (၁၉)အိမ်ကောင်ရေ(၅၅) ကောင်၊ဝက်မွေးမြူသည့် အိမ်ထောင်စု (၅၄) ၊ကောင်ရေ(၁၂၁)ကောင်နှင့် ကြက်မွေးမြူသည့် အိမ်ထောင်စု(၇၅)အိမ်၊ကောင်ရေ (၇၂၆)ကောင်ရှိပါသည်။ ကျွဲ၊နွားများကို စိုက်ပျိုးရေးအတွက် သုံးရန်မွေးမြူကြပါသည်။

ကျွန်တော်တို့ရွာကလေးသည် စားကျက်မြေများအသင့်အတင့်ရှိပါသည်။ စားကျက်မြေပိုင် များမှာ မိမိအိမ်ပိုင် ကျွဲ၊နွားများ စားသုံးရန်မျှသာရှိပါသည်။ ရေရရှိမှုမှာ အသင့်အတင့်ရှိပါသည်။ တိရိစ္ဆာန်လက်လမ်းမှီမှုမှာလည်းမျိုးကောင်း၊မျိုးသန့်များရှိပါသည်။ ချေးငွေမှာလည်းအတင့်အသင့် ရှိပါသည်။မွေးမြူရေးအစာ၊ ဆေးစသည့်သွင်းအားစုများလည်း ဝယ်ယူရရှိနိုင်ပါသည်။ ထုတ်ကုန် များကိုလည်း အလွယ်တကူရောင်းချနိုင်ပါသည်။ ကျေးရွာတွင် မွေးမြူရေးနှင့် သားငါး ထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများစွာရှိပါသည်။

ကျွန်တော်တို့ရွာကလေးသည် မိုးရွာမှမိုးရေကိုသာ စိုက်ပျိုးရေးအဖြစ်သုံးလေ့ရှိပါသည်။ ချောင်း၊ မြောင်းများနီးသည့် တောင်သူများသည် ရေစုပ်စက်နှင့် အနည်းငယ် အသုံးပြုကြ သည်။ မိုးရွာလျှင် ချောင်းရေ၊ မြောင်းရေများ ရေအလွန်လျှံပယ် တောင်ကျချောင်းများဖြစ်သည့်အတွက် ကြာရှည်စွာ ရေကြီးခြင်းမရှိပါ။ ကျွန်တော်တို့ကံကုန်းကျေးရွာ၏ ချောင်းများ၊ မြောင်းတွင်း ရှိရေများကို မိုးနှင့်ဆောင်းဝင်စ ရာသီအထိ အသုံးပြု၍ ရပါသည်။

ကျွန်တော်တို့ရွာ၏ အဓိကစိုက်ပျိုးသောသီးနှံမှာ စပါးဖြစ်ပြီး ကောက်ပင်စိုက်ပျိုးပြီးသည်နှင့် နှမ်းသီးနှံကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြသည်။ ကျွန်တော်တို့ရွာသည် စပါးစိုက်ပျိုးရာတွင် ရာသီဥတု ဖောက်ပြန်မှုကြောင့် စပါး၊ နှမ်း အထွက်နှုန်းများ လျော့ကျခြင်း ဖြစ်ပါသည်။ စိုက်ပျိုးရေး နည်းပညာ နည်းပါးသောကြောင့်သီးနှံထွက်နှုန်းမှာ ထင်သလောက်အထွက်ပါ။

ကျွန်တော်တို့ရွာသည် လယ်ယာလုပ်ကိုင်ရာတွင် ကိုယ်ပိုင် ကျွဲ၊ နွားများကိုသာ အသုံးပြုကြသည်။ လက်တွန်းထွန်စက်များနှင့် စပါးခွဲလှေ့စက်များကို ရွာထဲတွင် စက်ရှိသူများထံမှ အခကြေးငွေနှင့် ငှားရမ်းကြရပါသည်။ နှမ်းစိုက်ရာတွင် တစ်ချို့ ကိုယ်ပိုင်နွားများနှင့် ထွန်သော်လည်း တစ်ချို့တွင် ထွန်၊ထယ် စက်ကြီးများကို အချိန်ပိုင်းနှင့် ငှားရမ်းကြ သည်။

ကျွန်တော်တို့ရွာတွင် စပါးရိတ်စက်၊ ရိတ်သိမ်းခြွေလှေ့စက်နှင့် တစ်ခြား ခေတ်မီသည့် စက်ကိရိယာများကို ငွေကြေးအင်အား မတတ်နိုင် သဖြင့် ရွာသူရွာသားတိုင်း မဝယ်ယူနိုင်ပါ။ အရစ်ကျစနစ်ရှိသော်လည်း လူနည်းစုသာ ဝယ်နိုင်ကြ ပါသည်။ ရေစုပ်စက်များကို လူအနည်းစု သာအသုံးပြုကြသည်။ မြက်ရိတ်စက်များကိုလည်း အသုံးပြု ကြပါသည်။

ကျွန်တော်တို့ရွာတွင် စားကျက်မြေများ အသင့်အတင့်ရှိပါသည်။ မွေးမြူရေးကို လုပ်ကိုင်ဖို့ အလားအလာ အမြောက်အများ ရှိပါသည်။ ချောင်း၊ မြောင်း၊ စိမ့်စမ်းရေများရှိခြင်း၊ သဘာဝ တောတောင်များရှိခြင်း၊ မြေလွတ်၊ မြေလပ်များရှိခြင်း ရေရရှိမှုမှာလည်းအသင့်အတင့်တို့ ဖြစ်ပါ သည်။ မွေးမြူရေးကို တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လို့ရသည့်နေရာများ ရှိပါသည်။ ကျွန်တော်တို့ ၏ ရွာသည် မွေးမြူရေးအတတ်ပညာ၊ အသိပညာများ၊ မွေးမြူရေးဝန်ဆောင်မှု ရရှိလျှင် ကျွန်တော်တို့ ဒေသအတွက် အရမ်းကိုအဆင်ပြေပြီး ရွာသူ၊ ရွာသားများအတွက် အလုပ်အကိုင် ရှားပါးမှု ပြဿနာ ကို ဖြေရှင်းနိုင်ပြီး မိသားစုတစ်ကွဲတစ်ပြားဖြင့် ရပ်ဝေးသို့သွားရောက်၍ စီးပွားရှာ စရာမလိုတော့ပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ကျွန်တော်တို့ ကံ ကုန်းကျေးရွာကလေးသည် လယ်၊ယာ၊သား၊ငါးထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များ ကို ရောင်းချရန်စျေးကွက်အသင့်အတင့်ရှိပါသည်။ စျေးကွက်ဆိုင်ရာ အသိအမြင်များကို အသင့်အတင့်နားလည်ပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာ ကောင်းမွန်ပါသည်။ကျွန်တော်တို့ရွာ၏ ထုတ်ကုန်များကို များသောအားဖြင့် ကောလင်းမြို့သို့သွားရောက်ရောင်းချပါသည်။ အလုပ်နှင့်လိုက် လျောညီထွေမှုဖြစ်သော (သို့) အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာကိုကျွမ်းကျင်စွာ တက်မြောက်ထားကြပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများ အသင့်အတင့်ရှိပါသည်။

(ဃ) ရွှေပြောင်းလုပ်သားများ။ ။ ကျွန်တော်တို့ကံကုန်းကျေးရွာတွင် ရွှေပြောင်းသွားလာ နေထိုင်သူပေါင်း (၉၀)ရှိပါသည်။ ကျား(၇၀)၊မ(၂၀)ယောက်တို့ဖြစ်ပါသည်။ ကျေးရွာပြင်ပသို့ ရွှေ ပြောင်းမှုကာလ (၃)လအထိ (၄၆)၊မ(၆)ယောက်၊(၆)လအထိ ကျား(၁၆)မ(၈)ယောက်၊၁၂ လအထိ ကျား(၂)ယောက်၊မ(၃)ယောက်နှင့် ၁၂ လအထက်ကျား(၆)၊မ(၃)ယောက်ရှိပါသည်။ ရွှေပြောင်း သွားလာသူများသည် ရွှေတွင်း၊ကျောက်တွင်း၊ကုမ္ပဏီအစရှိသည့် လုပ်ငန်းများကို လုပ်ကိုင်ကြရပါ သည်။

ရွှေပြောင်းသွားလာရခြင်းတွင် ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့်ဝင်ငွေအခွင့်အလမ်းများ ရှာဖွေသွားလာသူ (၉၀)ယောက်ရှိပါသည်။ ကျေးရွာတွင်ရာသီအလိုက် လုပ်ငန်းများရှိသော်လည်း နည်းပါးခြင်း၊ဝင်ငွေများမစုဆောင်းနိုင်ခြင်း၊ လုပ်အားခနည်းပါးခြင်းကြောင့် မိသားစုစားဝတ်နေရေး အဆင်ပြေစေရန်အတွက် ရွှေပြောင်းသွားလာရခြင်းဖြစ်ပါသည်။ ရွာတွင်နေထိုင်ပြီးလုပ်နေပါက ဝင်ငွေများကိုမစုဆောင်းနိုင်ခြင်း၊ စားစရိတ်ကုန်ကျမှုများရှိခြင်း၊လုပ်အားခနည်းပါးခြင်း ကြောင့်

မိသားစုစားဝတ်နေရေး အဆင်ပြေစေရန်အတွက် ရွှေ့ပြောင်းသွားလာရခြင်းဖြစ်ပါသည်။ ရွာတွင်နေထိုင်ပြီးလုပ်နေပါကဝင်ငွေများကိုမစုဆောင်းနိုင်ခြင်း၊ရွှေ့ပြောင်းသွားလာရခြင်းဖြစ်ပါသည်။ ရွာတွင်နေထိုင်ပြီးလုပ်နေပါက ဝင်ငွေများကို မစုဆောင်းနိုင်ခြင်း၊ စားစရိတ်ကုန်ကျမှုများသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်တို့ရွာတွင် ရွှေ့ပြောင်းလုပ်ကိုင်သူများစွာရှိပါသည်။ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေကိုမှီခိုနေရသော အိမ်ထောင်စုများစွာရှိပါသည်။ ပြန်ပို့ငွေကိုမှီခိုနေရသော အိမ်ထောင်စုများမှာလတ်ဖြစ်ပါသည်။ ရွှေ့ပြောင်းလုပ်ကိုင်သူများသည် မိမိအိမ်သို့ ဘဏ်မှလည်းကောင်း ၊မိမိအိမ်ပြန်သောအခါမှလည်းကောင်း ပေးကြပါသည်။ ဘဏ်မှာ ကောင်လင်းမြို့တွင်သာရှိသောကန်ဘောဇောဏ်၊ ကမ္ဘာ့ရတနာ့ဘဏ်များမှ ထုတ်ယူရပါသည်။

ကျွန်တော်တို့ကံကုန်းရွာတွင် မိုးတွင်းကောက်စိုက်ချိန်နှင့် စပါးရိတ်ချိန်များတွင် အလုပ်အကိုင်ရှိပြီး ဆောင်းတွင်းမှစ၍ နွေရာသီအထိ အလုပ်အကိုင်မှာ ကျပန်းလုပ်ငန်းများကိုသာလုပ်ကိုင်ရပါသည်။ ထို့ကြောင့်ရရှိထားသော စပါးနှမ်းများကို ငွေလိုလျှင် ရောင်းချ၍သုံးစွဲရသောကြောင့် အိမ်ထောင်စုများသည် နောက်ပိုင်းတွင်ဝမ်းစာမရှိဘဲ စပါးတိုး၊ ငွေတိုးများကိုအတိုးနှုန်းမြင့်စွာဖြင့် ငွေချေးသုံးရပါသည်။ လူငယ်၊လူရွယ်များ သည်ရွာအနီးတွင် အလုပ်အလွန်ရှားပါးလှသဖြင့် ရပ်ဝေးသို့သွားရောက်အလုပ်လုပ်ရပါသည်။ စပါးတိုး၊ငွေတိုးများကအတိုးနှုန်းမြင့်၍ ပြန်ဆပ်ချိန်စပါးထွက်မကောင်းလျှင် ဝမ်းစာမကျန် သူများလည်းရှိပါသည်။

ကျွန်တော်တို့ကံကုန်းကျေးရွာ၏ မိသားစုများသည် အလုပ်လုပ်ကိုင်သူမှာ အလွန်နည်း၍ထိုင်စားသူများမှာ အလွန်ပင်များပါသည်။ ရာသီချိန် (၄)လလောက်သာ အလုပ်ရှိ၍ ကျန်လများမှာရရစားစားဖြင့် နေထိုင်ကြပြီး လူမှုရေး၊ကျန်းမာရေး၊ သာရေး၊နာရေးများကို စပါးရှိသူများကစပါး၊ဘာမှမရှိသူများ က ငွေတိုးယူကြရသည်။ အကြွေးမြီများနှင့် မိသားစုစားဝတ်နေရေးကိုဖြေရှင်းရန်အလုပ်ရှိသည့် နေရာများသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ကြရသည်။ လုပ်ကိုင်နေသူများမှာလည်းခရီးအကွာ အဝေးနှင့် စားစရိတ်ကြောင့် ပိုလျှံမှုမရှိဘဲ တစ်ချို့သူများတွင် အကြွေးမြီဖြင့်သာရှာသောပိုက်ဆံများ ကုန်ကြရသည်။

(c) ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်။ ။ကျွန်တော်တို့ကံကုန်းကျေးရွာကလေး၏ ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်မှာ ကျွန်တော်တို့ရွာတွင် မနက်ခင်းရွာဈေးတန်းကလေးရှိပါသည်။ မနက်(၅)နာရီအချိန်တွင် လာရောက်ရောင်း ဝယ်ကြပါသည်။ကောလင်းကုန်စိမ်းသည်များနှင့် အနီးရွာမှဈေးသည်များလည်း လာရောက် ရောင်းဝယ်ကြပါသည်။ ကျွန်တော်တို့ကျေးရွာထွက်ကုန်စိမ်းများကို ကောလင်းမြို့သို့သာ သွားရောက်ရောင်းချပါသည်။ ကောလင်းမြို့ဈေးသည် ကြီးမားသောကြောင့်ဖြစ်ပါသည်။ကောလင်းသို့သွားရန် (၅)မိုင်ခန့်ဝေးကွာပါသည်။

သယ်ယူပို့ဆောင်ရေးနည်းမှာ ကား၊ဆိုင်ကယ်၊နွားလှည်းဖြင့် ပစ္စည်းများကို သယ်ယူရပါသည်။ ကုန်စည်နှင့်ဝန်ဆောင်မှုရရှိနိုင်မှုမှာ လိုအပ်သည့် ပစ္စည်းများ ရရှိနိုင်ပါသည်။

စျေးအခြေခံအဆောက်အဦးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။အရှေ့စျေး နှင့်အနောက်စျေးဆိုပြီး နှစ်စျေးရှိပါသည်။သန့်ရှင်းရေးနှင့်ဝန်ဆောင်မှုမှာ အကောင်းကြီးတော့မဟုတ်ပါ။ သယ်ယူ ပို့ဆောင်ရေးမှာ ကား၊ဆိုင်ကယ်၊သုံးဘီး၊ရထားတို့ အများဆုံးအသုံးပြုပါသည်။ ကုန်စည်ဝန်ဆောင်မှု မှာ အသင့် အတင့် ရှိပါသည်။ ကျွန်တော်တို့ရွာမှ ထွက်ရှိသော ကုန်ကြမ်းများကို အကြီး ဆုံးစျေးသို့ ရောင်းချနိုင်လျှင် အမြတ်စွန်းများပို၍ ရနိုင်ပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ ကျွန်တော်တို့ရွာကလေးရှိ ငွေကြေးအခက်ချေးငွေဝန်ဆောင်မှုများရှိပါသည်။ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမချေးငွေ ၊အပေါင်ဆိုင်နှင့် မိတ်ဆွေ၊ဆွေမျိုးများစသည် တို့တွင်ကာလတိုဖြင့် ချေးငွေများချေးယူပြီး ၃လ မှ ၆ လအတွင်းပေးဆပ်ရပါသည်။ သတ်မှတ်ထားသော အချိန်ကျော်လွန်ပါက ဒဏ်ကြေးပေးဆောင်ရပါသည်။ ချေးငွေရရှိရန် ဘဏ်စာ အုပ်နှင့် လယ်ယာမြေပုံစံရှိမှ သာ ချေးယူနိုင်ပြီး အခက်အခဲများလည်းရှိပါသည်။ အလုပ်အကိုင်ရှား ပါးချိန်များတွင် အပေါင်ခံပစ္စည်းများဖြင့် ငွေချေးလေ့ရှိပါသည်။ အတိုးနှုန်း (၅%)ရှိပါသည်။ ဝမ်းစာရေးအတွက် ချေးငွေများကို ကာလတို/ ကာလရှည်ယူလေ့ ရှိပါသည်။ ကျွန်တော်တို့ရွာ၏ အဓိကပြဿနာမှာ အတိုးနှုန်းများသောကြောင့် နေ့စား၊ကျပန်းလုပ်ကိုင်ရသူများ အလွန်ပင် အခက်အခဲ ဖြစ်နေရပါသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ ကျွန်တော်တို့ရွာသည် တသဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများတွင်မြေဆီ၊မြေဩဇာအခြေအနေခက်ခဲပါသည်။ဆင်းရဲသောတောင်သူ လယ်သမားများမှာ မြေဆီ၊မြေဩဇာများကို အလွယ်တကူမဝယ်ယူနိုင်သောကြောင့်ဖြစ်ပါသည်။ ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှုတွင်အခက်အခဲများရှိပါသည်။စပါးပိုးကျရောက်သောအခါ စိုက်ပျိုးရေးဌာနများသို့ အကြောင်းကြားထားသော်လည်း ဝန်ထမ်းအင်အားနည်းသောကြောင့် ချက်ချင်းမရောက်လာနိုင်သောကြောင့်ဖြစ်ပါသည်။ရေအရင်းအမြစ်အခက်အခဲရှိပါသည်။ စိုက်ပျိုးရေးအတွက် ရေမလုံလောက်ခြင်း၊သောက်သုံးရေမလုံလောက်ခြင်းကြောင့် ဖြစ်သည်။ လွန်ခဲ့သောနှစ်ကာလအတွင်း သဘာဝသစ်တော၊နှင့် တိရိစ္ဆာန် များ ပေါများသောဒေသဖြစ်ပါသည်။ လက်ရှိအချိန်တွင် တရားမဝင်သစ်ခိုးထုတ်မှုနှင့် စည်းကမ်းမဲ့၊ သစ်ခုတ်ခြင်းများကြောင့် သဘာဝမှရသော မြေဆီ၊ မြေဩဇာများနည်းပါးလာခြင်း၊ ချောင်း၊ မြောင်းများနှင့် စိမ့်စမ်းရေများ၌ ရေနည်းပါးလာခြင်း၊ စိုက်ပျိုးမြေယာများ အစိုဓာတ်ထိမ်း သိမ်းမှု မရှိခြင်းတို့ဖြစ်ပါသည်။ သဘာဝသစ်တောများ ပျက်စီးလာခြင်းကြောင့် ကျွန်တော်တို့ အနေနဲ့ ရွာနီး ပတ်ဝန်းကျင်ရှိ သစ်တောများကို ကျွန်တော်တို့ရွာသူ၊သားများက ကျေးရွာပိုင်သစ်တောအဖြစ် ထိန်းသိမ်း လျှက်ရှိပါသည်။ သစ်ပင်များစိုက်ပျိုးရန် စီစဉ်နေပါသည်။

(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျွန်တော်တို့ရွာကလေး ရှိ ကျောင်းသူ၊ကျောင်းသားများသည်သင်တောကျေးရွာရှိစာသင်ကျောင်းတွင်ပညာသင်ယူရသော်လည်း မူလတန်းကျောင်းထွက်မှုနှုန်းနည်းပါးပါသည်။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများမှာ

လုံလောက်မှုအတင့်အသင့်ရှိပါသည်။ ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်သော အိမ်ထောင်စုများလည်းရှိပါသည်။ အစိုးရမှ စာအုပ်များ၊ကျောင်းဝတ် စုံများကိုလည်း ပေးအပ်ပါသည်။မိဘဆရာအသင်း၏ အခန်းကဏ္ဍမှာလည်းကောင်းမွန်ပါသည်။ဆရာ/ဆရာများ၏ လိုအပ်ချက်များကိုလည်း မိဘများဘက်မှ တတ်နိုင်သလောက်ကူညီဆောင်ရွက်ပေးပါသည်။

ကျွန်တော်တို့ကံကုန်းကျေးရွာတွင် သင်တောကျေးရွာတွင်ရှိသော ကျန်းမာရေးဌာနခွဲ ဆရာမက မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုကို တာဝန်ယူပေးပါသည်။ ကာကွယ်ဆေးထိုးနှံမှုများတွင် ဆရာမ တစ်ဦးတည်းရှိသဖြင့် ကြန့်ကြာမှု အနည်းငယ်ရှိပါသည်။ မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး မခက်ခဲသော်လည်း အနည်းငယ်ဝေးကွာပါသည်။ ကျွန်တော်တို့ရွာတွင်လည်း ဆရာမတစ်ဦးရှိလျှင် မိုးရာသီအရေးပေါ်မီးဖွားမှုများကို အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်ပြီး မိခင်နှင့်ကလေး အန္တရာယ်ကို စိုးရိမ်စရာမရှိတော့ပါ။

ကျွန်တော်တို့ရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ သင်တော ကျေးရွာမှာသာ ကျေးလက်ကျန်းမာရေးဌာနခွဲထားရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာနနှင့် (၃)ဖာလုံခန့် ကွာဝေးပါသည်။ နေမကောင်းလျှင် ဆိုင်ကယ်နှင့် သွားကြပါသည်။ ကျန်းမာရေးဌာနခွဲတွင် ဆေးဝါးလုံလောက်မှုမရှိပါ။ ဆေးရုံကြီးနှင့် (၅)မိုင် ကွာဝေးပါသည်။ ဆေးရုံကြီး၌ ခေတ်မီဆေးဝါးများ လုံလောက်မှုရှိပါသည်။ မြို့နယ်ဆေးရုံကြီးနှင့် ဝေးလှသဖြင့် အရေးပေါ် လူနာများသာ သွားရပါသည်။

ကျွန်တော်တို့ကံကုန်းကျေးရွာတွင် အိမ်ထောင်စု (၁၁၀) ရှိပါသည်။ ရွာထဲတွင် ရေတွင်း (၅) တွင်းသာရှိပါသောကြောင့် သောက်သုံးရေမှာ လုံလောက်စွာမရရှိနိုင်ပါ။ မိုးရာသီနှင့် ဆောင်းတွင်းသာလုံလောက်စွာရရှိနိုင်ပါသည်။ နွေရာသီတွင် ရေများခမ်းခြောက်ကာ သောက်သုံးရေရှားပါးမှုများ ကြုံရပါသည်။ နွေရာသီတွင် ရေရရှိရန် သူ့ထက်ငါဦးအောင် ဝရိယထားကာခတ်ယူရသော်လည်းလုံလောက်သောပမာဏကို မရရှိနိုင်ပါ။ နွေရာသီတွင် မိမိတို့၏ ဝမ်းရေးက တစ်မျိုး၊ သောက်သုံးရေကတစ်ဖုံ အခက်အခဲများ တွေ့နေရပါသည်။ သောက်သုံးရေကို လုံလောက်အောင် ခပ်ထားပြီးမှ သာဝမ်းရေးအတွက် အလုပ်လုပ်ကြရပါသည်။ ကျွန်တော်တို့ရွာတွင် အိမ်ထောင်စု (၁၁၀)ရှိသည့်အနက်ယင်လုံအိမ်သာရှိသောအိမ်ထောင်စုမှာ(၁၀၆)အိမ်ရှိပြီး အိမ်သာမရှိသော အိမ်ထောင်စုမှာ (၄) အိမ်မျှသာရှိပါသည်။ အိမ်သာမရှိသောအိမ်ထောင်စုများမှာ အိမ်ထောင်ခွဲခါစများနှင့် စီးပွားရေးအဆင်မပြေသောကြောင့် အိမ်နီးချင်း၏ အိမ်သာများတွင် သုံးစွဲနေရပါသည်။ ကျန်းမာရေးဌာနမှ အိမ်သာမရှိသူများ စာရင်းကိုကောက်ယူထာသော်လည်း အကောင်အထည်မဖော်လာသေးပါ။

(ဈ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး) ။ ။ ကျွန်တော်တို့ရွာကလေး၏ လမ်းများမှာ မြေသားလမ်းများဖြစ်ပြီး ရွာသူ၊ရွာသားများ စုပေါင်းပြီး ကျောက်ချောလမ်းအဖြစ် ဖြန့်ခင်းထားပါသည်။ ရွာသူ၊ရွာသားများမှာ အဆင်ပြေသောကြောင့် မဟုတ်ပဲ မိမိတို့ကျေးရွာ၏ လမ်းများကောင်းမွန်ရန်အတွက်

ကိုယ်ထူကိုယ်ထ လုပ်ကိုင်ထားကြခြင်းဖြစ်ပါသည်။ ထို့ကြောင့်လမ်းအရည်အသွေးမှာ တင့်သင့်ရုံမျှ ရှိပြီး လမ်းတည်ဆောက်ခဲ့သောနှစ်မှာ (၅)နှစ်အထက် များစွာကြာမြင့်ခဲ့ပါပြီ။ တစ်နှစ်ပတ်လုံးဖြတ်သန်းသွားလာရပါသည်။ လမ်းအရှည်မှာ (၁)မိုင်ခွဲရှိပါသည်။ ရွာတွင်းချည်းကပ်လမ်း၊ရွာပြင်ချည်းကပ်လမ်းများမှာ မြေသားလမ်းများဖြစ်ပါသည်။

ကျွန်တော်တို့ကံကုန်းရွာ၏ လမ်းများနှင့် ကျေးရွာချင်းဆက် သွားလာသောလမ်းများသည် မြေသားလမ်းများဖြစ်၍ မိုးရာသီ၌ ရွာထဲလမ်းများနှင့် အဓိက လမ်းမကြီးသည် လူများ၊ ဆိုင်ကယ်များသွားလာရာတွင် အလွန်ခက်ခဲလျက်ရှိပါသည်။ ပွင့်လင်းရာသီရောက်လျှင်လည်း မိုးများထားသောကြောင့် ရေတိုက်စားခြင်း ၊ချိုင့်ခွက်များ ရှိကာ တစ်ရွာမှတစ်ရွာကို သွားလာရာတွင် ကြန့်ကြာမှုရှိပါသည်။

ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေမှာ သစ်သားတံတားဖြစ်ပါသည်။ (၆၀-၆-၁၅) ရှိပါသည်။တံတားအရည်အသွေးမှာ သစ်သားတံတားဖြစ်သောကြောင့် အလွန်ပင်ညံ့ပါသည်။ တံတားတည်ဆောက်ပြီးသောခုနှစ်မှာ (၅)နှစ်အထက်ရှိသောကြောင့် အသုံးပြုရာတွင် အလွန်ပင် အန္တရာယ်များလှပါသည်။ တံတားမှာ ယိုယွင်းပျက်စီးနေသော်လည်း အသစ်တည်ဆောက်ရန် ငွေကြေးအခက်အခဲများရှိပါသည်။ ကျေးရွာမှလည်း တံတားတည်ဆောက်ရန် ကြိုးစားသော်လည်း မိမိတို့တွင် နည်းပညာမရှိခြင်၊ ငွေကြေးခက်ခဲခြင်းများစွာ ရှိပါသည်။

ကျွန်တော်တို့ရွာကလေး၏ လက်ရှိတံတားများသည် ရွာသားများဝိုင်းဝန်းဆောက်လုပ်ထားပြီး သွားလာရာ တွင် အဆင်ပြေရုံလောက်သာရှိပြီး ခိုင်ခံ့မှုမရှိသော သစ်သားတံတားများသာဖြစ်ပါသည်။ ယခုအချိန် တွင် အိုမင်းဟောင်းနွမ်းလာပြီး မိုးရာသီ၌ ကျောင်းသားများ ကျောင်းသွားရာနှင့် တစ်ရွာနှင့်တစ်ရွာ ကူးသန်းသွားလာသူများနှင့် ဆိုင်ကယ်မောင်းနှင်သူများသည် ရေကြီးခြင်း၊ တံတားတွင် အကာအရံ မရှိခြင်းကြောင့် သွားလာရာတွင် အန္တရာယ်အလွန်များပါသည်။

ကျွန်တော်တို့ရွာကလေးသည် သွားလာရေးအဆင်ပြေစေရန် စက်ဘီး၊ဆိုင်ကယ်၊သုံးဘီးဆိုင်ကယ်၊ကားနှင့် လယ်ယာသုံးနွားလှည်းများကိုသာ အသုံးပြုရပါသည်။ စက်ဘီး (၂၅)စီး၊ဆိုင်ကယ်(၁၅၀)စီး၊ သုံးဘီးဆိုင်ကယ်(၁)စီး၊ ကား(၁)စီး၊နွားလှည်း(၄၂)စီးရှိပါသည်။ စက်ဘီးများဖြင့် ကျောင်းသူ၊ကျောင်းသားများသည် သင်တောကျောင်းသို့သွားရောက်ပညာသင်ကြားသူများရှိသလို ခြေလျှင်ဖြင့်သွားသူများလည်းရှိပါသည်။ များသောအားဖြင့်ဆိုင်ကယ်ကိုသာအသုံးများကြပါသည်။

ကျွန်တော်တို့ကံကုန်းကျေးရွာကလေးမှာ မဟာဓါတ်အားလိုင်းကိုသာအသုံးပြုပါသည်။ မဟာဓါတ်အားလိုင်းအသုံးပြုနိုင်သောအိမ်ထောင်စုမှာ (၈၄)အိမ်၊ဆိုလာအသုံးပြုသောအိမ်ထောင်စုမှာ(၂၂)အိမ်နှင့် လျှပ်စစ်မီးအသုံးမပြုနိုင်သောအိမ်ထောင်စု (၄)အိမ်ရှိပါသည်။ မဟာဓါတ်အားလိုင်းပြုပြင်ထိန်သိမ်းရေးစနစ်မှာ ကောင်းပါသည်။ ရပ်ရွာထဲတွင် မီးကော်မတီများထားရှိပြီး သတိပေးဆိုင်းဘုတ်များလည်းရှိပါသည်။ လျှပ်စစ်မီးကို စနစ်တကျသုံးစွဲတတ်စေရန်သောအိမ်ထောင်စု

(၄)အိမ်ရှိပါသည်။ မဟာဓါတ်အားလိုင်း ပြုပြင်ထိန်သိမ်းရေးစနစ်မှာ ကောင်းပါသည်။ ရပ်ရွာထဲတွင် မီးကော်မတီများထားရှိပြီး သတိပေး ဆိုင်းဘုတ်များလည်းရှိပါသည်။ လျှပ်စစ်မီးကို စနစ်တကျ သုံးစွဲတတ်စေရန် နှင့်အန္တရာယ်သတိပေးဆိုင်းဘုတ်များကိုလည်း ပြောပြထားပါသည်။ ဆိုလာစနစ် သုံးသောသူများမှာလည်း စနစ်တကျသုံးစွဲကျပါသည်။ ဆိုလာသုံးစွဲနေရသောအိမ်ထောင်စုများမှာ နေပူသောနေ့များတွင်သာ လင်းလင်းချင်းချင်းနေကြရပြီး မိုးအုံ့သောနေ့များတွင် ဆိုလာပြားအားမဝင်သောကြောင့် မှိတ်တုတ်မှိတ်တုတ်နေရပါသည်။မဟာဓါတ်အားလိုင်းအသုံးမပြုနိုင်သောအိမ်ထောင်စုများမှာ အမျိုးသမီးဦးဆောင်နေရသောအိမ်ထောင်စုများနှင့် ဆင်းရဲသောမိသားစုများဖြစ်ပါသည်။

ကျွန်တော်တို့ရွာတွင် ဆက်သွယ်ရေးအဆင်ပြေစေရန် တယ်လီဖုန်းများကို အသုံးပြုပါသည်။ ကျေးရွာအနီးတွင် တယ်လီနော၊အပ်ပိတီ ဖုန်းတိုင်များရှိပါသည်။ ကျွန်တော်တို့ရွာသည် မြို့မကျတောမကျရွာကလေးဖြစ်ပါသည်။ ကျေးရွာအတွင်းမှ လူငယ်ကလေးများသည် လူငယ်တိုင်းလိုလို ဖုန်းတစ်ယောက်လျှင်တစ်လုံးစီမျှရှိပါသည်။ ကျေးရွာအတွင်းတယ်လီဖုန်းအသုံးပြုသူအရေအတွက်မှာ(၂၃၂)လုံးရှိပြီး ၊ရေဒီယို(၂၇)လုံး၊ တီဗွီ(၇၉)လုံး၊ ဂြိုလ်တုစလောင်း(၆၈)လုံးရှိပါသည်။ သတင်းများသိရှိစေရန်နှင့် ဖျော်ဖြေရေးကဏ္ဍများအတွက် ရေဒီယို၊တီဗွီနှင့် ဂြိုလ်တုစလောင်းများကိုအသုံးပြုပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။ ကျွန်တော်တို့ကျေးရွာကလေးတွင် လူငယ်များအပန်းဖြေရန်နေရာများ ပျော်ပွဲ၊ရွှင်ပွဲများရှိပါသည်။ ရပ်ရွာထဲတွင် လူငယ်များစုစည်းတည်ထောင်ထားသော လူငယ်များအဖွဲ့ရှိပါသည်။ လူငယ်များသည် သာရေး၊နာရေးကိစ္စများတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။ လူငယ်များသည် ညနေပိုင်းတွင် ချင်းခတ်ခြင်း၊ဘောလုံးကုန်ခြင်း စသောအားကစားလုပ်ငန်းများကို ဆော့ကစားပါသည်။ ထိုအချိန်တွင် ရွာထဲမှ လူကြီးများ၊ကလေးသူငယ်များက လာရောက်အားပေးကြပါသည်။ လူမှုရေးလုပ်ငန်းများတွင်လည်းတက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ ဘာသာရေးလုပ်ငန်းများတွင်လည်း ရွာသူ၊ရွာသားများသည် သဒ္ဓါတရား ထက်သန်စွာ ပါဝင်ကြပါသည်။ မိမိတို့နယ်မြေ၏ ရိုးရာယဉ်ကျေးမှုဖြစ်သော အခါကြီးရက်ကြီးများတွင် လူကြီးသူမများကို ငယ်ရွယ်သူများက သွားရောက်ကန်တော့ခြင်းစသောအစဉ်အဆက်လုပ်ငန်းများကို ဆောင်ရွက်ကြပါသည်။ ရွာဦးကျောင်းမှ ဆရာတော်ကလည်း နွေရာသီတွင်ကလေးငယ်များကို အဘိဓမ္မာတရားတော်များ၊ ယဉ်ကျေးလိမ်မာသင်တန်းများကိုလည်းဖွင့်ပေးပါသည်။

ကျွန်တော်တို့ကံကုန်းကျေးရွာတွင် လူငယ်မောင်မယ်များသည် ရိုးရာယဉ်ကျေးမှုကို အလေးထားသူများဖြစ်ကြပါသည်။ ရိုးရာပွဲတော်၊ ဘာသာရေးပွဲတော်များကို အလေးထားဆောင်ရွက်ကြပါသည်။ လူမှုရေးလုပ်ငန်းများတွင် လူငယ်အဖွဲ့စည်းများ တက်ညီ လက်ညီပါဝင်ဆောင်ရွက်ကြပါသည်။ ကျွန်တော်တို့ရွာတွင် လူငယ်များ အနားယူအပန်းဖြေစရာ ပန်းခြံ၊ စာကြည့်တိုက်များ၊ လူငယ်ရိပ်သာများမရှိခြင်းတို့ကြောင့် လူငယ် များ

လေ့လာမှုတစ်ရပ်အားနည်းနေပါသည်။ ထိုအရာများအားလုံးမရှိခြင်းကြောင့် အသိပညာ၊ ဗဟုသုတ၊ စဉ်စားချင့်ချိန်နိုင်စွမ်းလျော့နည်းလာပြီး မူးယစ်ဆေးဝါးများကို သုံးစွဲလာကြပြီး ရွာသည် မဖွံ့ဖြိုးတော့ပဲ ဆင်းရဲလာကြပါသည်။ လူငယ်များသည် သမရိုးကျ လယ်ယာများကို မိဘနှင့်အတူ စိုက်ပျိုးကြပြီး စားဝတ်နေရေးအတွက်ပြည်ပသို့ သွားရောက်စီးပွားရှာကြပါသည်။ ရွာတွင် လက်မှုပညာတတ်မြောက်သူနှင့် အသက်မွေးဝမ်းကျောင်း ပြုသူရှားပါးမှုကြောင့် လူငယ်များ ပျက်စီးဆုံးရှုံးနေရပါသည်။ ရွာ၏လူငယ်များကို ပြင်ပအဖွဲ့စည်းများနှင့် အစိုးရအဖွဲ့အစည်းများမှ အသိပညာ၊ အတတ်ပညာသင်တန်းပို့ချမှုနှင့် အခြား ဝန်ဆောင်မှုများရရှိလျှင် အလွန်ပင်အဖိုးတန်သော လူငယ်များ အမြောက်အများ ထွက်ရှိလာမည် ဖြစ်သည်။

(၄) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ ကျွန်တော်တို့ကံကုန်းရွာ၏ လုံခြုံရေး အခြေအနေမှာ အသင့်အတင့်သာရှိသည်။ ကျေးရွာတွင်ဘေးကင်းလုံခြုံမှု အထောက်အကူများ အားလက်လမ်းမှိသလောက် မူခင်းများကာကွယ်တားဆီးလျော့ ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်းများရှိပါသည်။သို့သော်တော်တို့ရွာတွင် အဖြစ်များဆုံးအမှုမှာ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု၊ ခိုက်ရန်ဖြစ်ပွားမှုတို့ ဖြစ်သည်။ လူကုန်ကူးမှုနှင့် အကြမ်းဖက် လုယက်မှုများမရှိပါ။ နွေရာသီတွင် မူးယစ်ဆေးဝါးသုံးစွဲသူများသည် ကျွဲ၊နွား၊များကို ခိုးယူရောင်းချ၍ သူတို့၏လိုအင်ဆန္ဒကိုဖြည့်ဆည်းကြသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးသည် ကျွန်တော်တို့ရွာ၏အဓိကရန်သူဖြစ်၍အထက်အရာရှိများက တင်းတင်းကြပ်ကြပ် လုပ်ဆောင်သင့်ပါသည်။ မူးယစ်ဆေးဝါးပေါများသဖြင့် ညအခါသွားလာရာတွင် အန္တရာယ် အလွန်ပင်များပါသည်။ မူးယစ်ဆေးဝါးရောင်းချသူများနှင့် သုံးစွဲသူများကို အဘယ်ကြောင့် ဖမ်းဆီးမရသည်ကို စဉ်းစားမရပါ ။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က)ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ။ ။ကျေးရွာ

ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့် ရှိပါသည်။ လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာမြေများရှိပြီး မြေဩဇာအသင့်အတင့်ကောင်းမွန်ပါသည်။ ရေအရင်းအမြစ်ရရှိနိုင်သော ချောင်းများ ရှိပါသည်။ စားကျက်မြေများ၊ မြေလွတ်မြေရိုင်းများပေါများခြင်းကြောင့် မွေးမြူရေးတွင်လည်း နွား၊ ကြက်၊ ဝက်များကို တိုးချဲ့မွေးမြူနိုင်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ကုန်ကြမ်းများရရှိနိုင်ပါသည်။ သစ်တောထွက်ပစ္စည်းများ၊ သဘာဝတိရိစ္ဆာန်မျိုးစိတ်များပေါများပါသည်။ ရွှေတူးဖော်ရရှိနိုင်ပြီး ကျောက်၊ သဲများ ပေါများစွာ ရရှိနိုင်ပါသည်။ ကလေးများပညာသင်နိုင်ရန်အတွက် စာသင်ကျောင်းဆောက်လုပ်ရန် ပညာရေးဌာန ရှိပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာတွင် ချောင်းရေများရှိသော်လည်း ရေကိုသိုလှောင်မထားနိုင်ခြင်းကြောင့် မိုးရေကို သာမှီခိုအားထား၍ စိုက်ပျိုးနေကြရပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေရသော်လည်း နည်းပညာ၊ ဗဟုသုတတတ်မြောက်မှု အားနည်းကြပါသည်။ မွေးမြူ ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် ချေးငွေမရှိပါ။ အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်းကြောင့် စိုက်ပျိုးရာသီ ပြီးချိန်တွင် အခြားဒေသများသို့ သွားရောက်၍ ဝင်ငွေရှာဖွေကြရပါသည်။ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းရှိသော်လည်း နည်းပညာ၊ ဗဟုသုတ၊ ချေးငွေ၊ စျေးကွက် နှင့် လျှပ်စစ်မီးများလက်လှမ်းမမီကြပါ။မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကြောင့် စားနပ်ရိက္ခာ မဖူလုံခြင်း၊ ကူးစက်ရောဂါရရှိသူများပြားလာပြီး ဦးဆောင်နိုင်သော အမျိုးသားများ နည်းပါး လာခြင်းကြောင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍ စျေးရောင်းရသူများ ပေါများလာခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားများ ဖြစ်နေပါသည်။ကျေးရွာမှရန်ပုံငွေမရှိခြင်းကြောင့် ကလေးများအတွက် စာသင်ကျောင်းမဆောက်လုပ် ပေးနိုင်ခြင်းမှာလည်း ကြီးမားသောအဟန့်အတားဖြစ်ပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

